# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## PJ နှင့် PS နိုင်ငံကူးလက်မှတ်အမျိုးအစားများအတွက် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံ ထုတ်ယူရမည့် အခွန်ရုံးများအား အသိပေးကြေညာခြင်း

၁။ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် PJ (Passport for Job) နှင့် PS (Passport for Seaman) နိုင်ငံကူးလက်မှတ်အမျိုးအစား ကိုင်ဆောင်သူများ၏ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက် တင်ပြနိုင်မှသာ ပြည်ထဲရေးဝန်ကြီးဌာနက သက်တမ်းတိုးမြှင့်ပေးသည့် လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် PJ နှင့် PS နိုင်ငံကူးလက်မှတ်အမျိုးအစားကိုင်ဆောင်သူများအတွက် **လုံခြုံမှုအဆင့်အတန်းပါရှိသည့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံ** အား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ထုတ်ပေးရန် စီစဉ်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ PJ နှင့် PS နိုင်ငံကူးလက်မှတ်အမျိုးအစားကိုင်ဆောင်သူများအနေဖြင့် အထက်အပိုဒ် ၂။ ပါ**အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံအား အောက်ပါမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ကျသင့်အခွန်ပေးဆောင်၍ ထုတ်ယူနိုင်ပါကြောင်း** အသိပေးအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံထုတ်ယူရန် သတ်မှတ်သည့်ရုံးများ

(၁) ရန်ကင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊

(၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊

(၃) အင်းစိန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊

(၄) ဒေါပုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး။

(ခ) မန္တလေးတိုင်းဒေသကြီးအတွင်း အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံထုတ်ယူရန် သတ်မှတ်သည့်ရုံးများ

(၁) မဟာအောင်မြေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊

(၂) ချမ်းမြသာစည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး။

(ဂ) ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေတို့တွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံ ထုတ်ယူရန်အတွက် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး တည်ရှိရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ။

၄။ PJ နှင့် PS နိုင်ငံကူးလက်မှတ်အမျိုးအစားကိုင်ဆောင်သူများအနေဖြင့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံထုတ်ယူသည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပြည့်စုံစွာသိရှိလိုပါက အခွန်ထမ်း ဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး) တယ်လီဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**